## Vermont ပြည်နယ်၏ ဒီဂျစ်တယ် တန်းတူညီမျှရေး အစီအစဉ် အကျဉ်းချုပ်

### VCBB နှင့် Vermont ပြည်နယ်၏ ဒီဂျစ်တယ် တန်းတူညီမျှရေး အစီအစဉ်ဆိုတာဘာလဲ။

Vermont ပြည်နယ် အသိုင်းအဝိုင်း Broadband ဘုတ်အဖွဲ့ (VCBB) ကို Vermont ပြည်သူများ (Vermont ပြည်နယ်၌ နေထိုင်သူတိုင်း) အား စိတ်ချရပြီး အရည်အသွေးမြင့်မားကာ ဈေးနှုန်းသက်သာသော Broadband သို့မဟုတ် အင်တာနက် ချိတ်ဆက်မှု ပေးအပ်ရန်အတွက် ဖွဲ့စည်းထားပါသည်။ ပညာရေး၊ အလုပ်အကိုင်၊ ဈေးဝယ်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု ရယူခြင်း၊ ရုပ်ရှင်နှင့် ရှိုးပွဲများကြည့်ရှုခြင်း၊ မိသားစု၊ မိတ်ဆွေများနှင့် စကားပြောဆိုခြင်းစသည့် နေ့စဉ်အခြေခံကိစ္စရပ် များစွာအတွက် အင်တာနက်ကို လိုအပ်ပါသည်။

Vermont ပြည်သူများအား စိတ်ချရပြီး ဈေးနှုန်းသက်သာသော အင်တာနက်ချိတ်ဆက်မှုများ ပေးအပ်ရန်အတွက် Vermont ပြည်နယ် ဥပဒေပညာရှင်များက Vermont ပြည်နယ် အသိုင်းအဝိုင်း Broadband ဘုတ်အဖွဲ့ကို ဖွဲ့စည်းထားပါသည်။ Broadband ဆိုသည်မှာ အလုပ်အကိုင်၊ ပညာရေးနှင့် ဈေးဝယ်ခြင်းတို့အတွက် လိုအပ်သည့် အရည်အသွေးမြင့်သော မြန်နှုန်းမြင့် အင်တာနက် ဖြစ်ပါသည်။ ၎င်းသည် ဗီဒီယိုများလွှင့်တင်ခြင်းနှင့် မိသားစု၊ မိတ်ဆွေများနှင့် စကားပြောဆိုခြင်းအတွက်လည်း အကောင်းဆုံး ဖြစ်ပါသည်။

2021 ခုနှစ်တွင် ကွန်ဂရက်လွှတ်တော်သည် လူတိုင်း အင်တာနက် ရရှိပြီး အကျိုးခံစားခွင့်ရရှိစေရန် အခြေခံအဆောက်အအုံ နှင့် အလုပ်အကိုင်များ အက်ဥပဒေကို $42.45 ဘီလီယံဖြင့် ခွင့်ပြုခဲ့ပါသည်။ ထိုငွေကြေး တစ်စိတ်တစ်ပိုင်းကို Vermont ပြည်နယ်က ဒီဂျစ်တယ် တန်းတူညီမျှရေး အစီအစဉ်နှင့် စီမံကိန်းအား ပြည်နယ်တစ်ခုလုံးတွင် ထူထောင်ရန်အတွက် ရရှိပါသည်။

Vermont ပြည်နယ် အသိုင်းအဝိုင်း Broadband ဘုတ်အဖွဲ့သည် Vermont ပြည်နယ်၏ ဒီဂျစ်တယ် တန်းတူညီမျှရေး အစီအစဉ်ကို ရေးဆွဲခဲ့ပါသည်။ ဤအစီအစဉ်ကို ဖက်ဒရယ်အစိုးရက မကြာသေးမီက အတည်ပြုခဲ့ပါသည်။ ယခုစာရွက်သည် ထိုအစီအစဉ်၏ အကျဉ်းချုပ် ဖြစ်ပါသည်။ အစီအစဉ် အပြည့်အစုံကို ဤလင့်ခ်တွင် နှိပ်၍ဖတ်ရှုနိုင်ပါသည်- [ပြည်နယ်၏ ဒီဂျစ်တယ် တန်းတူညီမျှရေး အစီအစဉ်]။ ဒီဂျစ်တယ် တန်းတူညီမျှရေး အစီအစဉ်ကို သင့်ဘာသာစကားဖြင့် ဖတ်ရှုလိုပါက Britaney Watson ထံ Britaney.Watson@vermont.gov သို့ ဆက်သွယ်ပြီး အစီအစဉ်ကို အခမဲ့ ဘာသာပြန်ပေးရန် တောင်းဆိုနိုင်ပါသည်။

### "ဒီဂျစ်တယ် တန်းတူညီမျှရေး" ဆိုတာဘာလဲ။

ဤအဓိပ္ပာယ်မှာ လူတိုင်းလူတိုင်းသည် အမေရိကန်နိုင်ငံ၏ လူ့အသိုင်းအဝိုင်းနှင့် စီးပွားရေးတွင် အပြည့်အဝ ပါဝင်ဆောင်ရွက် နိုင်အောင် ဒီဂျစ်တယ် နည်းပညာများကို တရားမျှတစွာ တန်းတူညီမျှ ရယူပိုင်ခွင့်ရှိကြောင်း ဆိုလိုပါသည်။

ဒီဂျစ်တယ် တန်းတူညီမျှရေး ဆိုသည်မှာ လူပုဂ္ဂိုလ်များနှင့် အသိုင်းအဝိုင်းများသည် လူ့အသိုင်းအဝိုင်းနှင့် စီးပွားရေးတွင် တစ်စိတ်တစ်ပိုင်း ပါဝင်ရန် လိုအပ်သောအရာများ ရှိထားခြင်းကို ဆိုလိုပါသည်။ တစ်နည်းဆိုသော် လူတိုင်းလူတိုင်းတွင် Broadband နှင့် ကိရိယာများ ရပိုင်ခွင့်နှင့် ယင်းတို့အား အသုံးပြုပုံကို သိရှိခွင့် ရှိသည်ဟု ဆိုလိုပါသည်။

**အခက်အခဲ**

Vermont ပြည်နယ်၏ ဒီဂျစ်တယ် တန်းတူညီမျှရေး အစီအစဉ်ကို Vermont ပြည်နယ်တွင် နေထိုင်သူများနှင့် Vermont ပြည်နယ်တွင် နေထိုင်သူများအား ဝန်ဆောင်မှုပေးသည့် လုပ်ငန်းအဖွဲ့အစည်းများထံမှ လူသိရှင်ကြား မှတ်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျွန်ုပ်တို့သည် Vermont ပြည်နယ်တွင် နေထိုင်သူများထံမှ အသံကို အများပြည်သူ ထုတ်ဖော် ပြောဆိုသံများအား ကြားနာသည့် အစီအစဉ်များ၊ အဖွဲ့ငယ်အလိုက် ဆွေးနွေးပွဲများတွင်လည်းကောင်း၊ အီးမေးလ်၊ ဖုန်းခေါ် ဆိုမှုနှင့် အင်တာဗျူးများမှလည်းကောင်း နားထောင်ပါသည်။ အင်တာနက်မရရှိအောင် လူတို့ကို တားဆီးထားသည့် အတားအဆီးနှင့် စိန်ခေါ်မှုများစွာရှိကြောင်း ကျွန်ုပ်တို့ သိရှိထားပါသည်။

ကျွန်ုပ်တို့သည် ဒီဂျစ်တယ် တန်းတူညီမျှရေး အစီအစဉ်ကို Vermont ပြည်နယ်တွင် နေထိုင်သူများ၏ ပြောစကားကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျွန်ုပ်တို့သည် အင်တာဗျူးများ မေးခြင်း၊ ဖုန်းဆက်ခြင်း၊ အဖွဲ့ငယ်အလိုက် ဆွေးနွေးပွဲ ကျင်းပခြင်း၊ အများပြည်သူ ထုတ်ဖော်ပြောဆိုသံများအား ကြားနာသည့် အစီအစဉ်များ ကျင်းပခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ အောက်ပါတို့မှာ Vermont ပြည်နယ်တွင် ဒီဂျစ်တယ် ကျွမ်းကျင်တတ်မြောက်မှုမရှိအောင် ဟန့်တားသည့် အတားအဆီးများ ဖြစ်သည်ဟု ကျွန်ုပ်တို့သိရှိခဲ့ပါသည်-

1. ၎င်းတို့နေထိုင်ရာနေရာတွင် Broadband (အင်တာနက်) မရရှိခြင်း။
2. Broadband (အင်တာနက်) အလွန်ဈေးကြီးခြင်း။
3. အင်တာနက်သုံးရန် ကွန်ပျူတာ သို့မဟုတ် အခြားကိရိယာတစ်ခု မရှိသူကြခြင်း။
4. အင်တာနက် ဝန်ဆောင်မှု မလိုအပ်ဘူးဟု ထင်မြင်ယူဆကြခြင်း။
5. အင်တာနက်ကို အပြည့်အဝ လုံခြုံစွာ အသုံးပြုပုံအကြောင်း မသိရှိကြခြင်း။

**အစီအစဉ်**

Vermont ပြည်နယ်၏ အစီအစဉ်မှာ Vermont ပြည်နယ်တွင် နေထိုင်သူများအား အကူအညီ ပေးလျက်ရှိသည့် လုပ်ငန်း အဖွဲ့အစည်းများနှင့် အတူဆောင်ရွက်ရန် ဖြစ်ပါသည်။ ပြည်နယ်နှင့် လူမှုရေး ဝန်ဆောင်မှု အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ ရပ်ရွာအသိုင်းအဝိုင်း သတင်းတင်ဆက်သော အဖွဲ့အစည်းများ (စာကြည့်တိုက်များ၊ ကောလိပ်များ၊ တက္ကသိုလ်များ၊ အလုပ်သမား/လုပ်သားအင်အား ဖွံ့ဖြိုးမှုအေဂျင်စီများ၊ ကုမ္ပဏီများ၊ ပရဟိတ အဖွဲ့အစည်းများကဲ့သို့ သတင်းအချက်အလက် ရရှိအောင် လူတို့သွားရောက်သည့် မြို့ပေါ်မှနေရာများ) နှင့်အတူ ကျွန်ုပ်တို့ ဆောင်ရွက်ပါမည်။

Vermont ပြည်နယ်၌ Vermont ပြည်နယ်တွင် နေထိုင်သူများအား အကူအညီ ပေးလျက်ရှိသည့် လုပ်ငန်းအဖွဲ့အစည်းများစွာ ရှိပါသည်။ ယင်းတို့ထဲတွင် ပြည်နယ် အေဂျင်စီများ၊ ပရဟိတများ၊ ကုမ္ပဏီများနှင့် စာကြည့်တိုက်များပင်လျှင် ပါဝင်နိုင်ပါသည်။ ကျွန်ုပ်တို့၏ အစီအစဉ်မှာ Vermont ပြည်နယ်တွင် ဒီဂျစ်တယ် တန်းတူညီမျှရေးကို ပေးအပ်ရန် ၎င်းတို့နှင့်အတူ ဆောင်ရွက်ရေး ဖြစ်ပါသည်။

Vermont ပြည်နယ်တွင် ဒီဂျစ်တယ် တန်းတူညီမျှမှု ရရှိရေးအတွက် ရည်မှန်းချက်ငါးရပ် ရှိပါသည်။ ဤရည်မှန်းချက်များ ပြည့်မီအောင် Vermont ပြည်နယ်၏ ဒီဂျစ်တယ် တန်းတူညီမျှရေး အစီအစဉ်က ကြိုးစားသွားမည့် နည်းလမ်းအချို့ကို ရည်မှန်းချက်တစ်ခုချင်းစီ၏ အောက်၌ ဖော်ပြထားပါသည်။

1. Vermont ပြည်နယ်ရှိ လိပ်စာအားလုံးတွင် စိတ်ချရသော အင်တာနက်ချိတ်ဆက်မှု ရရှိအောင် Broadband တည်ထောင်ရန်။
    - Vermont ပြည်နယ်ရှိ မြို့တိုင်းတွင် ညီညာသော gigabit Mbps Broadband ဝန်ဆောင်မှု ရရှိသည့် ရပ်ရွာအသိုင်းအဝိုင်း သတင်းတင်ဆက်မှု အဖွဲ့အစည်း အနည်းဆုံးတစ်ခုရှိရန်။
    - အိမ်ရာမရှိသူများက (နားခိုစရာများ၊ အစားအသောက်တန်းများစသည့်) ဝန်ဆောင်မှုများအတွက် သွားရောက်သည့် အဆောက်အအုံများ၏ အပြင်ဘက်၌ Wi-Fi ရှိစေရန် ပစ္စည်းကိရိယာများ တပ်ဆင်ဖို့အတွက် အသိုင်းအဝိုင်းမိတ်ဖက်များ၊ အင်တာနက် ဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
2. ဝန်ဆောင်မှုသည် ရေရှည်တည်တံ့ကာ အသိုင်းအဝိုင်းက တွန်းအားပေးကြောင်း သေချာအောင် ပြုလုပ်ရန်။
    - အင်တာနက် ဝန်ဆောင်မှုအကြောင်း စိတ်ကူးစိတ်သန်းနှင့် ဝေဖန်အကြံပြုချက်များကို အများပြည်သူက ကျွန်ုပ်တို့အား ပေးနိုင်အောင် လွယ်ကူသော နည်းလမ်းတစ်ရပ် ထားရှိရန်။
    - ရပ်ရွာအသိုင်းအဝိုင်း သတင်းတင်ဆက်မှု အဖွဲ့အစည်းတိုင်းသည် ဘာသာစကား အသီးသီးဖြင့် ရရှိနိုင်သည့် ဒီဂျစ်တယ် တန်းတူညီမျှရေး ဝန်ဆောင်မှုများအကြောင်း သတင်းအချက်အလက်များ ရရှိအောင် ပြုလုပ်ရန်။
    - Vermont ပြည်နယ်တွင် နေထိုင်သူများက ကွန်ပျူတာ၊ တက်ဘလက် သို့မဟုတ် အထောက်အပံ့ နည်းပညာများကို ငှားရမ်းနိုင်အောင် ကိရိယာငှားရမ်းမှု အစီအစဉ်တစ်ရပ် ဖွဲ့စည်းရန်။
3. အင်တာနက် ဝန်ဆောင်မှုသည် ဈေးသက်သာအောင် ပြုလုပ်ရန်။
    - Broadband ဈေးသက်သာမှုအတွက် ကူညီရန်၊ ယင်းကို လူသိများအောင် ပြုလုပ်ရန်နှင့် အများပြည်သူများက ယင်းတို့ကို အသုံးပြုအောင် ပြုလုပ်ရန်အတွက် အင်တာနက် ဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
    - မသန်စွမ်းသူများအတွက် အထောက်အပံ့နည်းပညာများ ရရှိစေမည့် အရင်းအမြစ်များအကြောင်း အများပြည်သူ သိရှိအောင် ပြုလုပ်ရန်။
    - အထက်တန်း ကျောင်းသားတစ်ယောက်ရှိသည့် အိမ်တိုင်းတွင် အင်တာနက် ချိတ်ဆက်ထားသော ကိရိယာတစ်ခုနှင့် (လိုအပ်လျှင်) အထောက်အပံ့ နည်းပညာတစ်ခု ရရှိအောင် ပြုလုပ်ရန်။
    - ကျောင်းသားအားလုံးတွင် အင်တာနက် ချိတ်ဆက်ထားသော ကိရိယာများ ရှိစေရန်အတွက် လုပ်ငန်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်အောင် လေ့လာရန်။
4. Vermont ပြည်နယ်မှ အများပြည်သူနှင့် စီးပွားရေးလုပ်ငန်းများက အင်တာနက်ကို အလုပ်၊ ကျောင်း၊ ဖျော်ဖြေရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အခြားအကြောင်းရင်းများအတွက် အသုံးပြု၍ဖြစ်နိုင်အောင် ပြုလုပ်ရန်။

- Vermont ပြည်နယ်တွင် နေထိုင်သူ အားလုံးသည် ကွန်ပျူတာနှင့် အင်တာနက်ကို လုံခြုံစိတ်ချစွာ အသုံးပြုပုံ အကြောင်း လေ့လာနိုင်မည့် အကူအညီ ရရှိအောင် ပြုလုပ်ရန်။ ထိုအကူအညီကို လူတိုင်းအတွက် လက်လှမ်းမီပြီး ဘာသာစကား အသီးသီးဖြင့် ရရှိစေရန်။
- ဒီဂျစ်တယ် တန်းတူညီမျှရေး အရင်းအမြစ်များကို လက်လှမ်းမီပြီး အမေရိကန် သင်္ကေတ ဘာသာစကားနှင့် မျက်မြင်ဘာသာစကား အပါအဝင် ဘာသာစကား များစွာဖြင့် ဘာသာပြန်ဆိုထားရန်။
- ဒီဂျစ်တယ် တန်းတူညီမျှရေး အရင်းအမြစ်များအကြောင်း အများပြည်သူ လေ့လာရန် ခေါ်ဆိုနိုင်မည့် ဖုန်းနံပါတ်တစ်ခု သတ်မှတ်ရန်။
- အများပြည်သူက အင်တာနက်နှင့် ကွန်ပျူတာများ အသုံးပြုပုံကို လေ့လာနိုင်အောင် အကူအညီ ရှာဖွေနိုင်မည့် ဒီဂျစ်တယ် စူးစမ်းလေ့လာရေး အစီအစဉ်တစ်ရပ် တည်ထောင်ရန်။ ၎င်းတို့ ဝန်ဆောင်မှုပေးသည့် ရပ်ရွာ အသိုင်းအဝိုင်းများမှ ဒီဂျစ်တယ် စူးစမ်းလေ့လာသူများအဖြစ် အများပြည်သူထဲမှ ခန့်ထားရန်။
- လက်ရှိ အများပြည်သူ အွန်လိုင်း ဝန်ဆောင်မှုများအား လက်လှမ်းမီအောင် ပြုလုပ်ရန်။

5. Vermont ပြည်နယ်တွင် နေထိုင်သူများအား Broadband နှင့် နည်းပညာပိုင်း အလုပ်များ ပေးနိုင်အောင် သို့မဟုတ် ၎င်းတို့က အခြားအလုပ်အမျိုးအစားများ ရရှိစေရန် ကူညီမည့် ဒီဂျစ်တယ် ကျွမ်းကျင်မှုအသစ်များကို လေ့လာ နိုင်အောင် ကူညီရန်။

**ဤအစီအစဉ်သည် ဘယ်သူတွေ အတွက်လဲ။**

ဤအစီအစဉ်သည် အွန်လိုင်းဝင်ရောက်ရန် အခြားသူများထက် ပို၍စိန်ခေါ်မှု ရှိသည်ဟု သတ်မှတ်ခံစားရသည့် အောက်ပါ အသိုင်းအဝိုင်းများကို အထူးဦးစားပေးကာ Vermont ပြည်နယ်တွင် နေထိုင်သူများ အားလုံးအတွက် ဖြစ်ပါသည်-

- ဝင်ငွေနည်းသူများ (ဆင်းရဲမွဲတေမှုအဆင့်၏ 150 ရာခိုင်နှုန်းအောက် ဝင်ငွေရှိသော အိမ်ထောင်စုများ)
- အသက် 59 နှစ်အထက် ရှိသူများ
- အကျဉ်းကျနေသူများ
- စစ်မှုထမ်းဟောင်းများ
- မသန်စွမ်းသူများ
- အင်္ဂလိပ်ဘာသာစကား လေ့လာနေသူများ သို့မဟုတ် စာဖတ်ရန် အခက်အခဲရှိသူများ
- လူမျိုးရေးအုပ်စု သို့မဟုတ် တိုင်းရင်းသား လူနည်းစုအုပ်စုတွင် ပါဝင်သူများ
- ကျေးလက်ဒေသတွင် နေထိုင်သူများ

**အချိန်ဇယား**

2024

- အများပြည်သူ မှတ်ချက်များ ဆက်လက်ရယူရန်
- ဒီဂျစ်တယ် စူးစမ်းလေ့လာရေး စီမံကိန်းတစ်ခု စတင်ရန်
- မိတ်ဖက် လုပ်ငန်းအဖွဲ့အစည်းများ ဆက်လက်၍ကြိုးစားရှာဖွေရန်
- ထပ်ဆင့် ခွင့်ပြုမှုများ ပေးအပ်ရန် (ဒီဂျစ်တယ် တန်းတူညီမျှရေး လုပ်ငန်းများ ဆောင်ရွက်ရန် အခြားလုပ်ငန်း အဖွဲ့အစည်းများအတွက် ငွေကြေး)

- ဒီဂျစ်တယ် တန်းတူညီမျှရေး နှစ်ပတ်လည် စစ်တမ်းကောက်ယူရန်

2025

- စီမံကိန်းများ စတင်ရန်
- ဒီဂျစ်တယ် တန်းတူညီမျှရေး ပင်မစာမျက်နှာ (Vermont ပြည်နယ်သည် ဒီဂျစ်တယ် တန်းတူညီမျှရေး တိုးတက်အောင် ဆောင်ရွက်နေပုံကို ဖော်ပြသောဝက်ဘ်ဆိုက်) တစ်ခု စတင်ရန်
- ဒီဂျစ်တယ် တန်းတူညီမျှရေး အစီရင်ခံစာ ရေးဆွဲရန်
- ဒီဂျစ်တယ် တန်းတူညီမျှရေး နှစ်ပတ်လည် စစ်တမ်းကောက်ယူရန်

2026

- စီမံကိန်းများ ဆက်လက်ဆောင်ရွက်ရန်
- ဒီဂျစ်တယ် တန်းတူညီမျှရေး ပင်မစာမျက်နှာကို ဆက်လက်ထားရှိရန်
- ဒီဂျစ်တယ် တန်းတူညီမျှရေး အစီရင်ခံစာ ရေးဆွဲရန်
- ဒီဂျစ်တယ် တန်းတူညီမျှရေး နှစ်ပတ်လည် စစ်တမ်းကောက်ယူရန်

2027

- စီမံကိန်းများ ရေရှည်တည်တံ့ကြောင်း (ဆက်လက်ဆောက်ရွက်နိုင်ကြောင်း) အတည်ပြုရန်
- ဒီဂျစ်တယ် တန်းတူညီမျှရေး ပင်မစာမျက်နှာကို ဆက်လက်ထားရှိရန်
- ဒီဂျစ်တယ် တန်းတူညီမျှရေး အစီရင်ခံစာ ရေးဆွဲရန်
- ဒီဂျစ်တယ် တန်းတူညီမျှရေး နှစ်ပတ်လည် စစ်တမ်းကောက်ယူရန်

2028

- စီမံကိန်းများ ရေရှည်တည်တံ့မှုရှိကြောင်း ပြန်လည်သုံးသပ်ရန်
- ဒီဂျစ်တယ် တန်းတူညီမျှရေး နှစ်ပတ်လည် စစ်တမ်းကောက်ယူရန်
- ဒီဂျစ်တယ် တန်းတူညီမျှရေး အစီအစဉ်ကို အသစ်ပြင်ဆင်ရန်

**2034 ခုနှစ်မတိုင်မီ Vermont ပြည်နယ်၏ ဒီဂျစ်တယ် တန်းတူညီမျှရေး အစီအစဉ် ရည်မှန်းချက်များ**

- Vermont ရှိနေအိမ်တွင်းတွင် စိတ်ချရပြီး ဈေးသက်သာသော အင်တာနက် ဝန်ဆောင်မှု (Broadband) ရယူလိုပါက ထိုသို့ ရရှိစေရေး။
- Vermont ပြည်နယ်တွင် နေထိုင်သူများ၏ အနည်းဆုံး 90% က ဝန်ဆောင်မှုရယူရန် ရွေးချယ်ရေး။
- ၎င်းတို့၏ ဝန်ဆောင်မှုကို တတ်နိုင်စေရန် အကူအညီ ရရှိပိုင်ခွင့်ရှိသော လူဦးရေ၏ အနည်းဆုံး 70% သည် ထိုအကူအညီအတွက် စာရင်းပေးထားရေး။
- နေအိမ် 95% တွင် လက်ပ်တော့၊ တက်ဘလက် သို့မဟုတ် ကွန်ပျူတာတစ်လုံး ရှိစေရေး။

- Vermont ပြည်နယ်တွင် နေထိုင်သူများ၏ 80% က အင်တာနက် မည်သို့သုံးရမည်ကို သိရှိကြောင်း ပြောဆိုကာ လုံခြုံစိတ်ချစွာ အသုံးပြုရေး။
- Broadband အလုပ်တွင် အလုပ်အသစ်အနည်းဆုံး 200 ရှိစေရေး။
- Vermont ပြည်နယ်တွင် နေထိုင်သူများက ရရှိနိုင်သည့် ဝန်ဆောင်မှုများအကြောင်း လေ့လာသိရှိရန်နှင့် အသုံးပြုရန်အတွက် အင်တာနက်တွင် ရှာဖွေ အသုံးချနိုင်ရေး။
- အများပြည်သူအတွက် အကူအညီပေးအပ်သည့် ပြည်နယ် ရုံးများနှင့် လုပ်ငန်းအဖွဲ့အစည်းများက ဒီဂျစ်တယ် တန်းတူညီမျှရေးကို ၎င်းတို့ဝန်ဆောင်မှုများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်စေရေး။

**သင့်ထံမှ ကျွန်ုပ်တို့ လေ့လာသင်ယူလိုပါသည်**

- ကွန်ပျူတာနှင့် အင်တာနက်ကို အဓိပ္ပာယ်ရှိစွာ အသုံးချ၍မရအောင် သင့်အားဘာတွေက တားဆီးပါသလဲ။
- စျေးသက်သာပြီး စိတ်ချရသော အင်တာနက်နှင့် ကွန်ပျူတာများ ရရှိပြီး သင့်ကျွန်ပျူတာ ကျွမ်းကျင်မှု အရည်အချင်းများ တိုးတက်ရေးတွင် သင့်အတွေ့အကြုံနှင့် အခက်အခဲများအကြောင်း ပြောပြပါ။
- သင်အင်တာနက် ချိတ်ဆက်မှု ရရှိအောင် ဘာက ကူညီနိုင်မလဲ။
- ဒီဂျစ်တယ် ကျွမ်းကျင်မှုများ အဓိက သင်ပေးသည့် စီမံကိန်းများ ဆောင်ရွက်ပေးပါက ထိုအထဲတွင် ဘာတွေ ပါဝင်သင့်သလဲ။
- အထောက်အကူပြုသည့် စီမံကိန်းများ သို့မဟုတ် ဝန်ဆောင်မှုများကို သင်တွေ့ရှိထားပါသလား။
- ကွန်ပျူတာ/အင်တာနက် ရရှိအောင် သို့မဟုတ် အသုံးပြုအောင် အကူအညီ လိုအပ်နိုင်သူများကို ကျွန်ုပ်တို့ ဘယ်လိုဆက်သွယ်နိုင်မလဲ။ ကျွန်ုပ်တို့ ပူးပေါင်းဆောင်ရွက်သင့်သော ယုံကြည်စိတ်ချရသည့် ရပ်ရွာအသိုင်းအဝိုင်း မိတ်ဖက်များက ဘယ်သူတွေလဲ။

မေးစရာတစ်ခုခုရှိပါက ကျွန်ုပ်တို့ထံ vcbb.info@vermont.gov သို့ အီးမေးလ်ပို့လိုက်ပါ။